# အေဂျင်စီပေါင်းစုံ ပြန်လည်ထူထောင်ရေးစင်တာ (Multi-Agency Recovery Center) ဆိုသည်မှာ ဘာပါလဲ။

အေဂျင်စီပေါင်းစုံ ပြန်လည်ထူထောင်ရေးစင်တာ (**MARC**) ဆိုသည်မှာ ဘေးဒုက္ခတစ်ခု အတောအတွင်း ထောက်ပံ့ကူညီမှုပေးအပ်ရန် အများပိုင်နှင့် ပုဂ္ဂလိကပိုင် အဖွဲ့အစည်းများ အတူတကွပူးပေါင်းသည့် တစ်ခုတည်းသော "တစ်နေရာထဲတွင် အစုံရနိုင်သည့်နေရာ" တစ်ခု ဖြစ်သည်။

## MARC ဝန်ဆောင်မှုများတွင်း ပါဝင်သည်မှာ -

- မိသားစုများ၊ သူငယ်ချင်းများနှင့် အသိုင်းအဝိုင်းဝင်များအတွက် တွေ့ဆုံစည်းဝေးနိုင်သည့် နေရာတစ်ခုအဖြစ် ထမ်းဆောင်သော တည်နေရာတစ်ခု အထောက်အပံ့များကို အလုံးအရင်းလိုက် ဖြန့်ဖြူးမှု
- ယာယီ အိုးအိမ်တည်နေရာ ရှာဖွေပေးသည့် အထောက်အကူ
- အထောက်အကူရယူပုံနှင့် ပတ်သက်သော အချက်အလက်၊ အမှုကိုင် လုပ်ငန်းစဉ်နှင့် အခြားဝန်ဆောင်မှုများသို့ လွှဲပြောင်းပေးမှု
- စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုသာမက အခြား ကျန်းမာရေးနှင့် စိတ်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ (အသိုင်းအဝိုင်းသာမက MARC ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက်ပါ)
- အီးမေးလ်၊ ဆိုရှယ် မီဒီယာနှင့် အမေရိကန် ကြက်ခြေနီအဖွဲ့၏ "ဘေးကင်းရေးနှင့် ကျန်းမာရွှင်လန်းရေး" ဝက်ဘ်ဆိုက်တို့ကဲ့သို့သော ပြန်လည်ပေါင်းစည်းရေးအတွက် အသုံးပြုသည့် ကိရိယာများကိုအသုံးပြုရန် အင်တာနက်တွင်း ဝင်ရောက်အသုံးပြုခွင့်၊ ၎င်းက ဘေးဒုက္ခကြောင့် ထိခိုက်ခံရသူများအနေဖြင့် မှတ်ပုံတင်ပြီး မိသားစုများဝင်များအား ၎င်းတို့၏အခြေအနေနှင့် တည်နေရာကို အသိပေးခွင့်ရစေပါသည်။

## MARC များကို အောက်ပါအတိုင်း ပုံစံထုတ်ထားပါသည် -

- ✓ ဘေးဒုက္ခအပြီး ပြန်လည်ထူထောင်ရေး မြန်ဆန်စေရန်
- ✓ တစ်ခုတည်းသော "တစ်နေရာထဲတွင် အစုံရနိုင်သည့်နေရာ" မှ ထိရောက်ပြီး အားကောင်းသော အထောက်အကူပေးအပ်ရန်

- ✓ ဘေးဒုက္ခတစ်ခုအပြီးတွင် ထိခိုက်ခံရသူများနှင့် မိသားစုများအနေဖြင့် အထောက်အကူ ရယူရန်အတွက် လိုအပ်သည် အချိန်နှင့် ခရီးအကွာအဝေးကို အနည်းဆုံးဖြစ်စေရန်
- ✓ မိသားစုနှင့် သူငယ်ချင်းများနှင့် ပြန်လည်ပေါင်းစည်းရာတွင် ကူညီပေးရန်
- ✓ ပေါင်းစုရင်းမြစ်များကို အမြင့်ဆုံး အသုံးပြုရန်နှင့် အဖွဲ့အစည်းများအနေဖြင့် ဝန်ဆောင်မှုများ ပေးအပ်နိုင်စွမ်းကို အောက်ပါနည်းအားဖြင့် မြန်ဆန်အောင်လုပ်ရန် -
    - ○ အဖွဲ့အစည်းပေါင်းစုံအနေဖြင့် တစ်ဖွဲ့ချင်းသီးသန့် ထောက်ကူရေးစင်တာများ စီစဉ်သတ်မှတ်ရန် လိုအပ်ချက်ကို ဖယ်ရှားခြင်း
    - ○ ပါဝင်ဆောင်ရွက်ကြသည့် အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရေးနှင့် အချက်အလက် မျှဝေမှုကို ချောမွေ့စေခြင်း
- ✓ အစိုးရနှင့် အစိုးရမဟုတ်သော အေဂျင်စီများနှင့် ထိရောက်သောညှိနှိုင်းဆောင်ရွက်မှု ရရှိစေခြင်း
- ✓ ရေရှည်ပြန်လည်ထူထောင်ရေးသို့ အကူးအပြောင်းကို ချောမွေ့စေခြင်း